သမ္မာကျမ်းဆိုင်ရာ အတွေးအမြင်
"ဘာကြောင့် ခရစ်စမတ်ကိုကျင်းပသင့်ပါသလဲ"



ထိုပြည်မှာသိုးထိန်းတို့သည် ညအခါတောအရပ်၌ တည်းခိုလျက်၊ မိမိသိုးစုကိုစောင့်နေကြသည်ဖြစ်၍၊ ထာဝရဘုရား၏ကောင်းကင်တမန်သည် သူတို့အနားမှာပေါ်လာ၍ ပတ်ဝန်းကျင်၌ ထာဝရဘုရား၏ ဘုန်းတော်ထွန်းတောက်သဖြင့်၊ သူတို့သည် အလွန်ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။ ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သတင်းကိုငါသည် သင်တို့အားကြားပြောရ၏။ ယနေ့တွင်ဒါဝိတ်မြို့၌သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဖို့အလိုငှာ ဖွားမြင်ခြင်းကိုခံတော်မူပြီ။ (ရှင်လုကာခရစ်ဝင်ကျမ်း ၂း၈-၁၁) ယေရှုဖွားမြင်ခြင်းနှင့်သက်ဆိုင်သော ခရစ်စမတ်ပွဲများကို ခရစ်ယာန်များကျင်းပကြသည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကအဖြစ်အပျက်ကို ယနေ့ထိတိုင်ဘာကြောင့်များကျင်းပနေရသနည်း။ မည်သို့သောဆက်စပ်မှုများရှိနေပါသနည်း။ ယေရှုဖွား မြင်ခြင်းအကြောင်းကို ကျမ်းစာထဲ၌ "လူအပေါင်းတို့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်း" ဟုဖော်ပြထားရာ ဤသတင်းသည် စစ်မက်ဒုက္ခသည်များ၊ ဖိနှိပ်ခံလူတန်းစားများအတွက် မည်ကဲ့သို့ဝမ်းမြောက်စရာသတင်းဖြစ်နိုင်မည်နည်း။ ဤသို့နားလည်နိုင်ရန် ယေရှုမည်သူဖြစ်သည်၊ ယေရှုသည် အဖိနှိပ်ခံရသူများ၊ ဆင်းရဲဒုက္ခရောက်နေသူများအတွက် မည်သို့သောမျှော်လင့်ချက်များယူဆောင်လာခဲ့သည်ကို နားလည်ဖို့ရန်လိုပါသည်။ ယေရှု၏သွန်သင်ချက်များ၊ သူ၏အသက်ရှင်ခဲ့ခြင်း၊ လုပ်ဆောင်ခဲ့ခြင်းများ၊ အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့ကိုယုံကြည်သည့် ဘီလျံနှင့်ချီသောခရစ်ယာန်များစွာတို့၏ ဘဝများပြောင်းလဲခဲ့ရပါသည်။

ယေရှုမွေးဖွားခြင်းမှာ လူသားတို့၏ဒုက္ခဆင်းရဲရောက်ရခြင်းအပေါ် ဘုရားက ဂရုဏာသက်၍ကယ်တင်လိုခြင်းကြောင့် ဘုရားရှင်ကိုယ်တိုင် လူ့ဇာတိခံယူခြင်းဖြစ်သည်ဟူ၍ ခရစ်ယာန်များက ယုံကြည်ခံယူထားကြပါသည်။ ဘုရား၏လူ့ဇာတိခံယူခြင်းမှာလည်း ရှင်ဘုရင်တစ်ပါး၊ နိုင်ငံရေးဆရာတစ်ဆူ၊ စစ်သူရဲကောင်း၊ စူပါဟီးရိုးတစ်ဦး ကဲ့သို့ရောက်ရှိလာခြင်းမျိုးမဟုတ်ပေ။ ယေရှုလူ့ဇာတိခံယူရာတွင် ဆင်းရဲနွံ့ချာစွာ၊ မတရားမှုကိုခံယူရင်း အခြားသော အဖိနှိပ်ခံ လူပေါင်းများစွာတို့နည်းတူ ဆင်းသက်ကြွလာခဲ့ခြင်းဖြစ်သည်။ အဆင့်အတန်းခွဲခြားခြင်း၊ ဖိနှိပ်ခံရခြင်း၊ မတရားစွပ်စွဲခံရခြင်း အစရှိသောအခြေအနေတို့ကို ခံယူခဲ့သည်။ ဒုက္ခဆင်းရဲရောက်သူတို့၏ ခံစားချက်ကို ကိုယ်တိုင်ခံယူရင်းအသက်ရှင်ခဲ့ရသော်လည်း ဤသို့သော ဒုက္ခဆင်းရဲခြင်းများက သူ့ကိုအနိုင်ယူခဲ့ခြင်း မရှိပေ။

ယေရှု၏ ၃နှစ်တာအမှုတော်မြတ်လုပ်ဆောင်ခြင်း၌ ပဋိပက္ခများ၊ မှားယွင်းစွပ်စွဲမှုများ၊ အဖိနှိပ်ခံရပြီး နောက်ဆုံး၌ ရောမတို့၏ ကားစင်တင်သတ်ခြင်းကိုပင်ခံခဲ့ရသော်လည်း ယေရှု၏ဘဝသည် ဝမ်းနည်းစဖွယ်၊ သနားစဖွယ်ဘဝမဟုတ်ပေ။ ယေရှုအကြောင်းသည် စိတ်ခွန်အားတက်ဖွယ်၊ မျှော်လင့်ချက်များနှင့်ပြည့်နှက်နေသော သတင်းစကားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယေရှု၏ ဘဝသည် အခြားသူတို့၏နှိပ်စက်ခြင်း၊ရက်စက်ခြင်းကြောင့် မေးမှိန်သွားခြင်းမျိုးမဟုတ်ဘဲ သူ၏ဒုက္ခဆင်းရဲများထဲ၌ ဘုရားသခင်က ကောင်းသည့်အရာများကို ဖော်ဆောင်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ ယေရှုအသက်ရှင်ခဲ့စဉ်က မည်မျှပင် မတရားဆက်ဆံခံရသော်လည်း သူသည် စစ်မှန်စွာ၊ သတ္တိရှိစွာ၊ ယုံကြည်ခြင်း၊ စာနာဂရုဏာစိတ်အပြည့်ဖြင့် အခြားသူများအပေါ်ဆက်ဆံခဲ့ပါသည်။ သူ၏အသက်ကို အာဏာပိုင်တို့က နှုတ်ယူနိုင်ခဲ့သော်လည်း သူ၏စိတ်ဓာတ်နှင့်လုပ်ဆောင်ခဲ့မှုများ၏အကျိုးသက်ရောက်မှုကို မည်သူမျှနှုတ်ယူဖျက်ဆီး၍မရခဲ့ပေ။

ယေရှုအသက်ရှင်ခြင်းနှင့်သွန်သင်ခြင်းအားဖြင့် ဘုရားကိုမည်သို့ သိရမည်၊ ချစ်ရမည်၊ အစေခံရမည်ကို ခရစ်ယာန်များနားလည်ခဲ့ပါသည်။ ဘုရားက လူသားတို့ကိုမည်မျှချစ်သည်၊ ယေရှုကိုယ်တိုင်သည်လည်း ခမည်းတော်ဘုရား၏အလိုကို မည်မျှအထိနာခံလိုက်လျှောက်ခဲ့သည်ကို ယေရှုအသေခံခြင်း၌ ကျွန်ုပ်တို့ သိမြင်နားလည်ခဲ့ရပါသည်။ ဤမျှဆိုးယုတ်သော ကမ္ဘာလောကကြီး၌ ဘုရားအလိုတော်ကိုမည်မျှအထိ နာခံလိုက်လျှောက်ခဲ့သည်ကို ယေရှုပြသခဲ့သည်။ ယေရှု၏ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်သောသူတို့အပေါ် သေခြင်းတရားကအနိုင်ယူ၍မရခြင်းကို ကျွန်ုပ်တို့နားလည်ရသည်။ ရှင်းလင်းသောသတင်းစကားအနေဖြင့် - ဘုရားသားတော်ယေရှုကိုလက်ခံ ယုံကြည်သောသူအားလုံးသည် မျှော်လင့်ချက်မပျက်မစီး၊ ထာဝရကယ်တင်ခြင်းကိုရရှိမည်ဟူသော သတင်းစကားပင်ဖြစ်ပါသည်။

ဤသို့သောအကြောင်းအရာများကို နားလည်ယုံကြည်ထားခြင်းကြောင့် ခရစ်စမတ်ပွဲတော်ကို ကျွန်ုပ်ကျင်းပရခြင်းဖြစ်သည်။ ဤခရစ်စမတ်နေ့သည် လူသားအားလုံးအတွက် ပျော်ရွှင်ဖွယ်နေ့ဖြစ်မည်ဟူ၍ ကျွန်ုပ်တပ်အပ်မပြောနိုင်သော်လည်း ယေရှုဖွားမြင်ခြင်းအကြောင်းကြောင့် တစ်စုံတစ်ခုအပေါ် ကျေးဇူးတင်လေးမြတ်ထားနိုင်မည်ဟူ၍ ကျွန်ုပ်ခိုင်မြဲစွာယုံကြည်ထားပါသည်။

ယေရှုဖွားမြင်ခြင်းသည် သင့်အတွက် "အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်းစကား" ဖြစ်ပါသလား။

ကြုံတွေ့နေရသောအခြေအနေများကြောင့် ခရစ်စမတ်အချိန်သည် "ဝမ်းမြောက်စရာသတင်းစကား" မဖြစ်သေးပါက ထိုသို့ဖြစ်လာရန်ကျွန်ုပ်ဆုတောင်းပေးနေပါသည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော် @ Dr. Tim

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြားပေးနေသူဖြစ်သည်။